# ကျေးဇူးတော်- ချစ်ခြင်းမေတ္တာနှင့်မိတ်သဟာယဖွဲ့ခြင်း




သင်ခန်းစာ ၁၃၊ စက်တင်ဘာ ၂၆၊ ၂၀၂၆


“ငါသည်သင်တို့ကို
မနှောင့်ယှက်သော
အရာတစ်ခုကို ထား
လျှင်၊ သင်တို့သည်
အခြားသော အသင်း
တော်ထက် အဘယ်
သို့ယုတ်ညံ့သနည်း။
ထိုသို့ ငါပြစ်မှားသော
အပြစ်ကို သည်းခံကြ
လော့” (၂ ကောရိန္သု
၁၂:၁၃)

ပေါလုရေးသားခဲ့သော စာများ၏ နိဂုံးပိုင်းတွင် အများဆုံးတွေ့ရသော ဆုတောင်းစကားတစ်ခုမှာ **“ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိပါစေ”** ဟူသော စကားဖြစ်သည် (ရော ၁၆:၂၄၊ ၁ ကော ၁၆:၂၃၊ ဂလာ ၆:၁၈၊ ဧ ၆:၂၄၊ ဖိ ၄:၂၃၊ ကော ၄:၁၈၊ ၁ သက် ၅:၂၈၊ ၂ သက် ၃:၁၈၊ ၁ တိမော ၆:၂၁၊ ၂ တိမော ၄:၂၂၊ တိတု ၃:၁၅၊ ဖိလေမုန် ၁:၂၅ နှင့် ဟေဗြဲ ၁၃:၂၅ )

သို့သော် ကောရိန္သုမြို့သားများထံသို့ ရေးသားသော ဒုတိယစာတွင် ပေါလုသည် အရေးကြီးသော ခြွင်းချက်တစ်ရပ်ကို ပြုလုပ်ထားသည်။ သူ၏ နောက်ဆုံးနှုတ်ဆက်စကားတွင် ဘုရားသခင်၏ သုံးပါးတစ်ဆူဖြစ်သော သားတော်၊ ခမည်းတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ **ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာနှင့် မိတ်သဟာယ** တို့ကို ထည့်သွင်း ဖော်ပြထားသည် (၂ ကော ၁၃:၁၄)။







“သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်”



“ဘုရားသခင်၏ မေတ္တာတော်”



“သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာဖွဲ့ခြင်း”



“သင်တို့အားလုံးနှင့်အတူ ရှိတော်မူပါစေ”

# "သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်"

"အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိ စေခြင်းငှာ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏" (၂ ကောရိန္သု ၈း၉)

ပေါလုသည် ကောရိန္သုအသင်းတော်သို့ ရေးသားသော ဒုတိယစာတွင် ယေရှု၏ကျေးဇူးတော်ကို အစတွင်၎င်း၊ အဆုံးတွင်၎င်း ဖော်ပြထားသည် (၂ ကော ၁း၂၊ ၁၃း၁၄)။ ထိုကျေးဇူးတော်တွင် မည်သည့်အရာများ ပါဝင်သနည်း။



ကျွန်ုပ်တို့၊ ကိုယ်တော်၏ စည်းစိမ်ကိုအမွေခံရရန်အ အတွက် ကောင်းကင်စည်းစိမ်ကိုစွန့်၍ ဆင်းရဲသောသူ ဖြစ်ခဲ့သည် ( ၂ ကော ၈း၉)



သူနှင့်သိကျွမ်းရန်၊ ချစ်ရန် နှင့်ပုံသက်သေကိုလိုက် လျှောက်ရန်အတွက် လော ကသို့ကြွလာ၍ လူသားတို့ နှင့် အသက်ရှင်နေထိုင်ခဲ့ သည် (ယော ၁၅း၁၂)



သူသည်မိမိကိုယ်ကိုနှိမ့်ချ ၍ သေသည့်ထိနာခံခဲ့ သည်။ အပြစ်များကို ခွင့် လွှတ်၍ ထာဝရအသက် ကို ပေးသနားသည် (ဖိ ၂း၈)

ကျေးဇူးတော်လက်ခံသော ကျွန်ုပ်တို့ဘဝ၌ ဘာများပြောင်းလဲသနည်း။

- ကျွန်ုပ်တို့ကိုဖြောင့်မတ်ရာသို့ရောက်စေသည် (ရော ၃း၂၄၊ ၈ း၇)
- ကျွန်ုပ်တို့၊ မျှော်လင့်ခြင်း၌ ဝမ်းမြောက်ကြသည် (ရော ၅း၂)
- ခရစ်တော်၏ တန်ခိုးတော်ကို ကျွန်ုပ်တို့ရရှိသည် (၂ ကော ၁၂း၉)
- အပြစ်တရားသည် ကျွန်ုပ်တို့ကို အုပ်စိုးနိုင်ခြင်းမရှိတော့ပါ (ရော ၆း၁၄)
- ကျွန်ုပ်တို့သည် ယေရှုနှင့်အတူစိုးစံရမည် (ရော ၅း၁၇၊ ၂၁)




# ဘုရားသခင်၏မေတ္တာတော် (၁)

“ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏” (၁ ယော ၄း၈)



ကျမ်းစာက ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု အလေးအနက်ဖော်ပြသည် (၁ ယော ၄း၈)။ ထိုမေတ္တာကို ဖန်ဆင်းသမျှအပေါ်သို့ သွန်းလောင်းထားသည်။ ထိုမေတ္တာကို ကျွန်ုပ်တို့နှလုံးသားထဲတွင်၎င်း၊ မိဘနှင့်သားသမီးကြားဆက်ဆံရေးတွင်၎င်း၊ လှပသောပန်းများတွင်၎င်း၊ ငှက်များ၏သီဆိုသောအသံတွင်၎င်း တွေ့မြင်နိုင်ပါသည်။





ရှင်ပေါလုသည် ကောရိန္သုအသင်းသားများကိုသာမက ကျွန်ုပ်တို့ကိုပါ မေတ္တာ၏အရေးကြီးမှုကို သွန်သင်ခဲ့သည် (၁ ကော ၈း၁)။ မေတ္တာမပါလျှင် လုပ်ဆောင်မှုများသည် တန်ဖိုးမရှိပါ (၁ ကော ၁၃း၁-၃)။ လုပ်ဆောင်မှုတိုင်း ဘုရားသခင်ထံမှ ရရှိသောမေတ္တာဖြင့် ပြုလုပ်သင့်သည် (၁ ကော ၁၆း၁၄)။

သို့သော် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို အထင်ရှားဆုံးတွေ့မြင်ရသည်မှာ ကျွန်ုပ်တို့အပြစ်များအတွက် ကားတိုင်ပေါ်မှာ အသေခံသွားသော ခရစ်တော်ဖြစ်သည် (ယော ၃း၁၆)။

ဘုရားသခင်ပြခဲ့သည့်အတိုင်း အခြားသူများအပေါ်မှာ ကျွန်ုပ်တို့ မေတ္တာပြဆက်ဆံရန်ဖြစ်သည် (၁ ယော ၃း၁၆)။

# ဘုရားသခင်၏မေတ္တာတော် (၂)

"ကြွင်းသေးသောစကား ဟူမူကား၊ ညီအစ်ကိုတို့၊ သင်တို့၌ မင်္ဂလာရှိပါစေသော။ စုံလင်ခြင်း၊ သက်သာဝမ်းမြောက်ခြင်း ရှိကြလော့။ စိတ်တညီတညွတ်တည်း ဖြစ်၍၊ အချင်းချင်း အသင့်အတင့်နေကြလော့။ သို့ဖြစ်၍ မေတ္တာကိုလည်းကောင်း၊ အသင့်အတင့်နေခြင်း ချမ်းသာကိုလည်းကောင်း ပေးတော်မူသော ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိတော်မူလတ္တံ့။" (၂ ကောရိန္သု ၁၃:၁၁)

ရှင်ပေါလုက ဘုရားသခင်ကို ရှုတောင့်အမျိုးမျိုးဖြင့် ဖော်ပြသည်။

- သည်းခံခြင်း၏အရှင် ဘုရားသခင် (ရောမ ၁၅:၅)
- မျှော်လင့်ခြင်း၏အရှင် ဘုရားသခင် (ရောမ ၁၅:၁၃)
- ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင် (ရောမ ၁၅:၃၃)
- ကရုဏာတော်အရှင် ဘုရားသခင် (၂ ကော ၁:၃က)
- နှစ်သိမ့်ခြင်းအမျိုးမျိုးတို့၏ ဘုရားသခင် (၂ ကော ၁:၃ခ)
- ချစ်ခြင်းမေတ္တာ၏ ဘုရားသခင် (၂ ကော ၁၃:၁၁)




ထိုခမည်းတော်ဘုရားသည် သူ၏မေတ္တာကို ကျွန်ုပ်တို့အားပေးတော်မူသည် (၁ ယော ၃:၁)



ထိုခရစ်တော်ဘုရားက သူ့မေတ္တာနှင့်ကျွန်ုပ်တို့ကိုပြည့်ဝစေတော်မူသည် (ဖေက် ၃:၁၉)



ဘုရားသခင်၌ ဤထူးခြားသော ပင်ကိုယ်လက္ခဏာမက၊ ဤလက္ခဏာတို့၏အရင်းအမြစ်ဖြစ်ပြီး ထိုအရာတို့ကို ကျွန်ုပ်တို့အား ပေးသနားတော်မူသည်။ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်အတိုင်း ချစ်ခြင်းမေတ္တာ၏ဘုရားသခင်လည်းဖြစ်သည်။ ဆိုလိုသည်မှာ



ထိုသန့်ရှင်းသောဝိညာဉ်တော်ဘုရားက သူ၏မေတ္တာကို ကျွန်ုပ်တို့အား သွန်းလောင်းတော်မူသည် (ရော ၅:၅)

# သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာဖွဲ့ခြင်း

"သခင်ယေရှုခရစ်၏ ကျေးဇူးတော်လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော်လည်းကောင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မိတ်သဟာယတော်လည်းကောင်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း” (၂ ကောရိန္သု ၁၃း၁၄)

ရှင်ပေါလုသည် သူတို့နှင့်အတူရှိနေစေလိုသော အရာသုံးမျိုးကို ဖော်ပြထားသည်။ ၎င်းတို့မှာ ပုဂ္ဂိုလ်အဖြစ်တစ်ပါးဖြစ်သော ယေရှုခရစ်၏ကျေးဇူးတော်၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ပုဂ္ဂိုလ်တစ်ပါး၏ မိတ်သဟာယလား? (၂ ကော ၁၃း၁၄)။

တစ်သမတ်တည်းဖြစ်အောင် စဉ်းစားမည်ဆိုလျှင် တန်ခိုးတစ်ရပ်မဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ ရှင်ပေါလုရေးခဲ့သော ကောရိန္သုစာ၌ သန့်ရှင်းသောဝိညာဉ်တော်အကြောင်း အကြိမ် ၄၀ ကျော်ဖော်ပြသည်။ ထိုသို့ ဖော်ပြရာတွင် သန့်ရှင်းသောဝိညာဉ်တော်ကို ပုဂ္ဂိုလ်တစ်ပါးအဖြစ်ဖော်ပြထားပါသည်.



- သာသနာလုပ်ငန်းအတွက် လူများကိုပြင်ဆင်ခြင်း (၁ ကော ၂း၄)
- နက်နဲသောအရာများကို ဖော်ပြသည် (၁ ကော ၂း၁၀)
- သမ္မာတရားကို သွန်သင်ပေးသည် (၁ ကော ၂း၁၃)
- ကျွန်ုပ်တို့၏နှလုံးသားထဲ၌ ကိန်းဝပ်တော်မူသည် (၃း၁၆)
- ကျွန်ုပ်တို့၊ ဖြောင့်မတ်ရာသို့ရောက်အောင် ခရစ်တော်နှင့် ပူးပေါင်းဆောင်ရွက်သည် (၁ ကော ၆း၁၁)
- ဝိညာဉ်ဆုကျေးဇူးများကို ပေးသည် (၁ ကော ၁၂း၇-၁၁)
- ကယ်တင်ခြင်းအတွက် တံဆိပ်ကို ခတ်ပေးသည် (၂ ကော ၁း၂၂)
- ပညတ်တရားကို နှလုံးသားထဲတွင်ရေးပေးသည် (၂ ကော ၃း၃)
- ခရစ်တော်၌ ကျွန်ုပ်တို့အား ဘဝသစ်ကိုပေးသည် (၂ ကော ၃း၆)
- အပြစ်မှလွတ်မြောက်ခြင်းကို ပေးသည် (၂ ကော ၃း၁၇)

# “သင်တို့အားလုံးနှင့်အတူ ရှိတော်မူပါစေ”

“ခမည်းတော်ဘုရားသခင်၏ ကြိုတင်သိမြင်ခြင်းအတိုင်း ရွေးကောက်ခံရသူများဖြစ်ကြပြီး၊ ဝိညာဉ်တော်၏ သန့်ရှင်းစေခြင်းအမှုအားဖြင့် ယေရှုခရစ်ကို နာခံရန်နှင့် ကိုယ်တော်၏အသွေးတော်ဖြင့် ဖြန်းဆေးခြင်းခံရန် ဖြစ်ကြ၏။ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းတို့သည် သင်တို့၌ အလွန်များပြားပါစေ” (၁ ပေတရု ၁း၂)

သုံးပါးတစ်ဆူဘုရား - “ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်” (မဿဲ ၂၈:၁၉) ကို ကျွန်ုပ်တို့၊ အကျွမ်းဝင်ကြသည်။ သို့သော် ပေါလုကမူ “သားတော်၊ ခမည်းတော်၊ ဝိညာဉ်တော်” ဟု ဖော်ပြထားသည် (၂ ကော ၁၃:၁၄)။ ထို့အတူ ပေတရုကလည်း “ခမည်းတော်၊ ဝိညာဉ်တော်၊ သားတော်” ဟု ဖော်ပြထားသည် (၁ ပေတရု ၁:၂)။



သူတို့အကြား၌ အဆင့်အတန်းအရ အထက်အောက် ကွာခြားမှုမရှိပါ။ ကယ်တင်ခြင်းစီမံကိန်းတွင် မတူညီသောအခန်းကဏ္ဍတစ်ရပ်စီကိုသာ ထမ်းဆောင်ကြသည်။ သို့သော် ၎င်းတို့အားလုံးသည် တူညီသော လက္ခဏာများနှင့် ရည်ရွယ်ချက်များကို မျှဝေထားကြသည်။

| ကျေးဇူးတော် | | | ချစ်ခြင်းမေတ္တာ | | | မိတ်သဟာဖွဲ့ခြင်း | | |
|---|---|---|---|---|---|---|---|---|
| ခမည်းတော်ထံမှ (၁ ကော ၁း၃) | သားတော်ထံမှ (၁ ကော ၁း၃) | သန့်ရှင်းသောဝိညာဉ်တော်ထံမှ (ဟေ ၁၀း၂၉) | ခမည်းတော်ထံမှ (၁ ယော ၂း ၁၅) | သားတော်ထံမှ (ရော ၈း၃၅) | ဝိညာဉ်တော်ထံမှ (ရော ၁၅း ၃၀) | ခမည်းတော်ထံမှ (၁ ယော ၁း၃) | သားတော်ထံမှ (၁ ယော ၁း၃) | ဝိညာဉ်တော်ထံမှ (ဖိ ၂း၁၀) |

ထို့ကြောင့် ရှင်ပေါလုသည် သူ၏စာအဆုံးတွင် သခင်ယေရှုခရစ်၏ ကျေးဇူးတော်သော်၎င်း၊ ဘုရားသခင်၏ မေတ္တာတော်သော်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်သော်၎င်း သင်တို့အပေါင်း၌ ရှိပါစေဟူ၍ သုံးပါးတစ်ဆူဘုရားကို ဖော်ပြ၍ ဆုတောင်းမေတ္တာပို့သခဲ့သည် (၂ ကော ၁၃း၁၄)။

## EGW (Evangelism, p. 615)

ခမည်းတော်ဘုရားကို မြေကြီးပေါ်ရှိ အရာများနှင့် နှိုင်းယှဉ်ဖော်ပြ၍ မရနိုင်ပါ။ ခမည်းတော်သည့် ဘုရားသခင်၏ ပြည့်စုံခြင်းအလုံးစုံကို ကိုယ်ခန္ဓာတော်ဖြင့် ပိုင်ဆိုင်တော်မူပြီး၊ သေမျိုးလူသားတို့၏ မျက်စိဖြင့် မမြင်နိုင်သောအရှင် ဖြစ်တော်မူသည်။ သားတော်သည် ဘုရားသခင်၏ ပြည့်စုံခြင်းအလုံးစုံကို ထင်ရှားဖော်ပြတော်မူသောအရှင်ဖြစ်သည်။ ခရစ်တော် ကောင်းကင်သို့ တက်ကြွတော်မူပြီးနောက် စေလွှတ်မည်ဟု ကတိပေးခဲ့သော နှစ်သိမ့်ရှင်သည်လည်း ဘုရားသခင်၏ ပြည့်စုံခြင်းအလုံးစုံနှင့် ပြည့်စုံသောဝိညာဉ်တော်ဖြစ်တော်မူသည်။ ကိုယ်တော်သည် ခရစ်တော်ကို မိမိ၏ ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသူတို့အား ဘုရားသခင်၏ ကျေးဇူးတော်တန်ခိုးကို ထင်ရှားစွာ ဖော်ပြပေးတော်မူသည်။ ကောင်းကင်ဘုံ၏ သုံးပါးတစ်ဆူတွင် အသက်ရှင်တော်မူသော ပုဂ္ဂိုလ်သုံးပါးရှိသည်။ ထိုကြီးမြတ်သော တန်ခိုးရှင်သုံးပါးဖြစ်သော— ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ နာမ၌ အသက်ရှင်သော ယုံကြည်ခြင်းဖြင့် ခရစ်တော်ကို လက်ခံသူတို့သည် ဗတ္တိဇံခံယူကြသည်။ ထိုတန်ခိုးရှင်သုံးပါးသည်လည်း ခရစ်တော်၌ အသက်တာအသစ်ဖြင့် အသက်ရှင်ရန် ကြိုးစားနေသော ကောင်းကင်ဘုံ၏ နာခံသောသားသမီးများနှင့် ပူးပေါင်းလုပ်ဆောင်တော်မူကြသည်။”